## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## (၃၃)ရက်မြောက်နေ့မှတ်တမ်း

### ၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်

### (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်)

### (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို နံနက် ၁၀း၂၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၂၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၅၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့အမည်စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာဖြစ်ပါမယ်။ ယနေ့ခွင့် ပန်ကြားသူများမှာ-

(၁) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၅ ရက်၊

(၂) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၂ ရက်၊

(၃) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၄) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၆) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၃ ရက်၊

(၇) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၂ ရက်၊

(၈) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၅ ရက်၊

(၉) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၁၀) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၂ ရက်၊

(၁၁) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၂ ရက်၊

(၁၂) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၁ ရက်၊

(၁၃) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၂ ရက်၊

(၁၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၁၅) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၁ ရက်၊

(၁၆) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၁၇) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၂ ရက်၊

(၁၈) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၁၉) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၅ ရက်၊

(၂၀) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၂၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၂၂) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်း ခွင့် ၁ ရက်၊

(၂၃) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၂ ရက်၊

(၂၄) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၃ ရက်၊

(၂၅) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၁ ရက်၊

(၂၆) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၂၇) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၂၈) ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ် ခွင့် ၁ ရက်၊

(၂၉) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

(၃၀) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၃၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၂) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၃) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၃၄) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၂ ရက်၊

(၃၅) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၃၆) ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးရှိန်ကျော်ဝင်း ခွင့် ၁ ရက်၊

(၃၇) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃၈) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၃၉) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ) ဦးခင်မောင်ဝင်း ခွင့် ၅ ရက်၊

(၄၀) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၄၁) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၄၂) ဗိုလ်မှူးချုပ်တောက်ထွန်း၊ တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၄၃) ဗိုလ်မှူးမျိုးမင်းမောင်၊ တပ်မတော်သားကိုယ်စားလှယ် ခွင့် ၅ ရက်၊

(၄၄) ဗိုလ်မှူးချုပ်မောင်မောင်၊ တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၄၅) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၄၆) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၅ ရက်၊

(၄၇) ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၄၈) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊

(၄၉) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၅၀) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၂ ရက်၊

(၅၁) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၁ ရက်၊

(၅၂) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၅ ရက်နှင့်

(၅၃) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူ ၅၇ ဦး၊ ယခင်က ခွင့်ပန်ကြားထားသူ ၁၇ ဦး စုစုပေါင်း ယနေ့ ခွင့်ပန်ကြားသူ ၇၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၅၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကိုအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဥပဒေများရေးဆွဲပြဌာန်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ အမျိုးသမီးများအား နည်းမျိုးစုံနှင့် ခွဲခြားထားမှုအားလုံး ပပျောက်ရေးသဘောတူစာချုပ် CEDAW ကို ၁၉၇၉ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့ပြီး ၁၉၈၁ ခုနှစ်မှာ သက်ဝင်ခဲ့ပါတယ်။ နိုင်ငံပေါင်း ၁၈၇ နိုင်ငံကနေပြီး လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံအနေနဲ့ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့မှာ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး CEDAW စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပါတယ်။ သို့သော်လည်း CEDAW စာချုပ်ဟာ ကမ္ဘာ့အမျိုးသမီးတို့ကို ထိရောက်စွာကာကွယ်မှုမပြုနိုင်ခဲ့ပါဘူး။ ဒါကြောင့် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ ပုဒ်မ ၁၃၂၅ အရ အမျိုးသမီးများရဲ့ အိမ်တွင်းအကြမ်းဖက်မှုကို

ကာကွယ်တဲ့ဥပဒေကို ထပ်မံပြဋ္ဌာန်းခဲ့ရပါတယ်။ ဤဥပဒေအရ သက်ဆိုင်ရာရဲဝန်ထမ်း၊ တရားဝန်ထမ်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဝိုင်းဝန်းကူညီကြပြီး ကမ္ဘာ့နိုင်ငံများရဲ့ ၆၀ ရာခိုင်နှုန်းကျော်က ထောက်ခံခဲ့ပါတယ်။ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်တဲ့ဥပဒေများကို အာရှမှာ ၁၈ နိုင်ငံ၊ အာဖရိကမှာ ကိုးနိုင်ငံ၊ ဥရောပမှာ ၁၄ နိုင်ငံနှင့် အမေရိကတိုက်မှာ နိုင်ငံပေါင်း ၂၀ ကျော်တို့က ပြဋ္ဌာန်းထားရှိတယ်လို့ သိရှိရပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၇ နှစ်ကျော်ကတည်းက CEDAW အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပေမယ့် ယနေ့အချိန်အထိ အမျိုးသမီးများရဲ့ တန်းတူညီမျှမှုအခွင့်အရေး၊ ခွဲခြားဆက်ဆံခံရမှု၊ အကြမ်းဖက်ခံရမှု များနှင့်ပတ်သက်ပြီး ထိရောက်သောဆောင်ရွက်ချက်များကို မတွေ့ရှိရပါဘူး။ ထို့အပြင် အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်စော်ကားမှုနှင့် လူကုန်ကူးခံရမှုတွေဟာလည်း တစ်နေ့တခြား ပုံစံအမျိုးမျိုးနဲ့ နေရာအနှံ့အပြားမှာ ဖြစ်ပွားနေတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရန်အတွက် ဥပဒေကြမ်းကို နိုင်ငံတကာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ စီမံကိန်းအဖွဲ့ NSPAW နဲ့တွဲပြီးတော့ ချိတ်ဆက်ဆောင်ရွက်နေတယ်ဆိုတာကို ကျွန်မတို့ သိရပါတယ်။ နှစ်နှစ်ကျော်ခန့်ရှိပြီလို့လည်း သိရပါတယ်။ သို့သော်လည်း မနက်ဖြန်မှာကျရောက်မယ့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများ အကြမ်းဖက်မှုပပျောက်ရေးနေ့ကို ကြိုဆိုသောအားဖြင့် နိုင်ငံတကာစံချိန်မီ ဥပဒေတစ်ရပ်အဖြစ် အမြန်ဆုံးပြဋ္ဌာန်းပေးနိုင်ရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ မြန်မာတစ်နိုင်ငံလုံးမှာရှိနေတဲ့ အမျိုးသမီးထုအားလုံး သိရှိနိုင်ရန်အတွက် ထုတ်ပြန်ကြေညာပေးနိုင်ရန်အတွက်လည်းကောင်း၊ မည်သည့်အချိန်မှာ ဥပဒေတစ်ရပ်အဖြစ် ပေါ်ပေါက်လာမယ်ကို သိလိုသောကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ပုလဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်

စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှ ပြန်လည် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အကြမ်းဖက်မှု(Terrorism) ဆိုသည်မှာ အများ ပြည်သူရဲ့ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦး တစ်ယောက်အတွက် အရေးကြီးသောအဆောက်အအုံကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာ ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ နှင့်အကြမ်းဖက်ရန်ရည်ရွယ်ချက်ဖြင့် အများပြည်သူ၏ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းေ ဖြစ်စေ၊ သဘာဝဘေးပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့်ပြစ်မှုများကို ပြုလုပ်မှုများ ဖြစ်ပါတယ်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုသည်မှာ မိသားစုအတွင်း၊ လူမှုအသိုင်းအဝိုင်း အတွင်းနှင့် လုပ်ငန်းခွင်အတွင်းဖြစ်စေ၊ လုပ်ငန်းခွင်ပြင်ပတွင်ဖြစ်စေ မည်သူမဆို တစ်ဦးတစ်ယော ချင်း သို့မဟုတ် အုပ်စုဖွဲ့၍အမျိုးသမီးတစ်ဦး သို့မဟုတ် အမျိုးသမီးများရဲ့ အကြမ်းဖက်ခံရရန် အန္တရာယ်ဖြစ်လွယ်ခြင်းကိုအကြောင်းပြုလျက် ထိုအမျိုးသမီးအပေါ် ရုပ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်း ဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ ဂုဏ်သိက္ခာပိုင်းဆိုင်ရာ၊ အကျိုးစီးပွားဆိုင်ရာတို့ကို ထိခိုက်နစ်နာအောင် ပြုလုပ်သည့် ဥပဒေနှင့်မညီသောလုပ်ရပ်များကို ဆိုလိုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အမျိုးသမီး များရဲ့ မူလအခွင့်အရေးနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မဖြစ်ပွားစေရေး အတွက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းများဖြင့် အကာ အကွယ်ပေးစောင့်ရှောက်လျက်ရှိပါတယ်။

အမျိုးသမီးများရဲ့ မူလအခွင့်အရေးများနှင့်ပတ်သက်ပြီး လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား/အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်း ပြု၍ ခွဲခြားမှုမရှိစေရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၈ တွင်လည်းကောင်း၊ တူညီသော အလုပ်အတွက် အခွင့်အရေးနှင့် လစာတို့ကို အမျိုးသားများနှင့် ၊ န်းတူခံစားခွင့်အား ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၀ တွင်လည်းကောင်း ပြဋ္ဌာန်းထားပြီးလည်းဖြစ်ပါတယ်။ အမျိုးသမီးများအပေါ် ကာယိန္ဒြေနဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုမပြုနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာ ဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတို့အတွက်ကို ပြစ်မှုအမျိုးအစားအလိုက် အကာအကွယ် ပေးထားပါတယ်။ အနိမ့်ဆုံးပြစ်မှုဖြစ်သည့် မိန်းမကာယိန္ဒြေကိုစော်ကားရန် ရည်ရွယ်သော စကားနှင့် ကိုယ်အမူအရာတို့ဖြင့် ကျူးလွန်ပါက ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်နိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်များ ဖြစ်တဲ့ မုဒိမ်းမှု၊ အတင်းအဓမ္မဇိမ်းမြားပေးစားရန် သွေးဆောင်ခိုးယူမှု၊ ၁၈ နှစ်အောက်မိန်းမကို

ပြည့်တန်ဆာအဖြစ် ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ဝယ်ယူခြင်း၊ လက်ခံခြင်းတို့ ပြုလုပ်မှုတို့အပြင် လူကုန်ကူးမှုကို ကျူးလွန်ပါက ထောင်ဒဏ် ၁၀ နှစ်မှ တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်ကြောင်းကို လည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ဎင်းအပြင် မိန်းမတစ်ဦးအပေါ် မုဒိမ်းကျင့်ရန် အကြံအစည်နှင့်သော်လည်းကောင်း၊ ကာမရာဂ စိတ်ကို ဓမ္မတာအတိုင်းမဟုတ်ဘဲ ရောင့်ရဲအောင်ပြုလုပ်ရန် အကြံအစည်နဲ့သော်လည်းကောင်း၊ လူကိုခိုးယူရန်အကြံနဲ့သော်လည်းကောင်း၊ သွေးဆောင်ခေါ်ယူရန် အကြံနဲ့သော်လည်းကောင်း၊ လက်ရောက်မှုကျူးလွန်ပါက

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ထိုသူကို သေသည်အထိ မိမိအလိုအလျောက်ပြုလုပ်၍ ကာကွယ်ခုခံပိုင်ခွင့်ရှိသည်ဟု ပြစ်မှုဆိုင်ရာဥပဒေ ၄ ၁၀၀ တွင်လည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ အမျိုးသမီးရေးရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် United Nations Convention on the Elimination of All Forms of Discrimination Against Women (UNCEDAW) ကို ၁၉၉၇ ခုနှစ်မှာ သဘောတူလက်မှတ် ရေးထိုးထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် လူမှုစီးပွားရေးအခြေအနေများ၊ ယဉ်ကျေးမှုဆိုင်ရာ ရှေးရိုးစွဲ အယူအဆ သို့မဟုတ် ပဋိပက္ခများကြောင့် မတရားစော်ကားခံရမှုများမှ ကာကွယ်စောင့်ရှောက်နိုင်ရန် လိင်မှုဆိုင်ရာနှင့် ကျား/မရေးရာ အခြေခံအကြမ်းဖက်မှုများအား တားဆီးကာကွယ်နိုင်ရန် စ( ရည်ရွယ်ချက်များနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စား လှယ်များ၊ နိုင်ငံရေးပါတီ မှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် ကျား/မတန်းတူညီမျှမှုကွန်ရက်မှ ကိုယ်စားလှယ်များ၊ United Nations Gender Theme Group (UNGTG) မှ ကိုယ်စားလှယ်များပါဝင်တဲ့ ဦးဆောင်ကော်မတီ၊ ဥပဒေ ကြမ်းရေးဆွဲရေးဆိုင်ရာလုပ်ငန်းကော်မတီနဲ့ နည်းပညာဆိုင်ရာအကြံပေးကော်မတီ စတဲ့ ကော်မ( သုံးရပ်ကိုဖွဲ့စည်းပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ယနေ့အထိ အစည်းအဝေး ခြောက်ကြိမ်ကျင်းပပြုလုပ်၍ အခန်း(၉)အထိ ရေးဆွဲဆောင်ရွက်ပြီးကြောင်း သိရှိရပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသမီးများ၏ မူလအခွင့်အရေးနဲ့ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မဖြစ်ပွားစေရေးအတွက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများဖြင့် ကာကွယ်ပေးထားပြီးဖြစ်သော်လည်း လူမှုစီးပွားရေးအခြေအနေများ၊ ယဉ်ကျေးမှုဆိုင်ရာ ရှေးရိုးစွဲ အယူအဆများသို့မဟုတ် ပဋိပက္ခများကြောင့် မတရားစော်ကားခံရမှုများမှ ကာကွယ်စောင့်ရှောက်နိုင်ရန် လိင်မှုဆိုင်ရာ ကျား/မရေးရာ အခြေခံအကြမ်းဖက်မှုများ တားဆီးကာကွယ်နိုင်ရန် စတဲ့ရည်ရွယ်ချက်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်းကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကော်မတီများ ဖွဲ့စည်းရေးဆွဲဆောင်လွှတ်တော်သို့ တင်ပြရန် စီမံဆောင်ရွက်ထားရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိမိနိုင်ငံ၏ လမ်းစနစ်နှင့်ကိုက်ညီသော (Brand New) ဘယ်မောင်းကားအသစ်များကို သက်သာသော အခွန်နှုန်းထားဖြင့် သုံးစွဲခွင့်ပြုရန်နှင့် အခြားနိုင်ငံမှ တင်သွင်းမည့်ကားများကို မတင်သွင်းမီ နိုင်ငံတကာ စံချိန်မီအရည်အသွေးစစ်ဆေးရေးအဖွဲ့မှ အရည်အသွေးစစ်ဆေးခြင်းလက်မှ (Inspection Certificate) ပါရှိမှ တင်သွင်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မော်တော်ယာဉ်တင်သွင်းမှုနှင့် စပ်လျဉ်းတဲ့ တော့်ရဲ့ မေးခွန်းကို ဆက်စပ်နေအကြောင်းအရာသုံးခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ပထမအနေနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ မော်တော်ယာဉ်တင်သွင်းမှု ကြီးကြပ်ရေးကော်မတီနဲ့ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားများအား အခြားနိုင်ငံများနည်းတူ မိမိနိုင်ငံ၏ လမ်းစနစ်နဲ့ကိုက်ညီတဲ့ ပြုပြင်ထိန်းသိမ်းစရိတ်သက်သာတဲ့ Brand New ကားတွေကို သက်သာသော အခွန်နှုန်းထားနှင့် ကောက်ခံသုံးစွဲခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ဒုတိယအနေနဲ့ နိုင်ငံသားတွေ ကားဟောင်း၊ ကားသန့်တွေကို ဝယ်ယူသုံးစွဲနိုင်ရေး၊ ကျွန်တော်တို့ လက်ရှိဈေးကွက်မှာ တစ်ပတ်ရစ်ကားတွေကို ကီလိုမီတာတွေ ပြန်လျှော့ပြီးတော့ လိမ်လည်ရောင်းချတာတွေ၊ ထိခိုက်ပျက်စီးထားတဲ့ယာဉ်တွေကို လက်ပူတိုက်ပြီးတော့ ပြင်ဆင်မွမ်းမံခြင်းလုပ်ပြီးတော့ ရောင်းချတာတွေ ပပျောက်အောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ တတိယအနေနဲ့ အခြားနိုင်ငံများနည်းတူ တင်သွင်းမယ့်ကားတွေကို မတင်သွင်းမီ နိုင်ငံတကာစံချိန်မီ အရည်အသွေးစစ်ဆေးရေးအဖွဲ့ တစ်ခုခုကနေပြီး

တော့ အရည်အသွေးစစ်ဆေးခြင်းလက်မှတ်ပါရှိမှ တင်သွင်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိတို့ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုပါကြောင်း မေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ပြည်ထောင်စုဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာတို့နှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ ပထမအကြ ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ အခုလို တင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူပါကြောင်းလည်း ပြောကြားလိုပါတယ်။ အခု ဦးစောလှထွန်း၊ ချောင်းဦးမဲဆန္ဒနယ်ရဲ့ မိမိနိုင်ငံရဲ့ လမ်းစနစ်နဲ့ကိုက်ညီသော Brand New ဘယ်မောင်းကားသစ်များကို သက်သာသောအခွန်နှုန်းထားဖြင့် သုံးစွဲခွင့်ပြုရန်နှင့် အခြားနိုင်ငံမှ တင်သွင်းတဲ့ကားများကို မတင်သွင်းမီ နိုင်ငံတကာ စိစစ်ရေးအဖွဲ့မှ အရည်အသွေးစစ်ဆေးခြင်းလက်မှတ် (Inspection Certificate) ပါရှိမှ တင်သွင်းခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မော်တော်ယာဉ်တင်သွင်းခြင်းနှင့်ပတ်သက်ပြီး အဆင့်ဆင့်ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ယာဉ်အိုယာဉ်ဟောင်း အစားထိုးပါမစ်ထုတ်ပေးခြင်းများကိုလည်းပဲ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်နေ့မှာ ခွင့်ပြုခဲ့ပြီးတော့ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်နေ့မှာ မော်တော်ကားဟောင်းပိုင်ရှင်များ၊ မော်တော်ယာဉ်လွယ်လွယ်ကူကူဝယ်ယူနိုင်ရေးအတွက်လည်းပဲ အရောင်းစင်တာများ ဖွင့်လှစ်ခွင့်ပြုပေးခဲ့ပါတယ်။ ထိုကဲ့သို့ပဲ မော်တော်ယာဉ်အသစ် Show Room များကိုလည်းပဲ လက်ရှိဖွင့်ပေးနေတာ ၁၀ ခုအထိရှိသွားပြီဖြစ်ပါတယ်။ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားတဲ့လူပုဂ္ဂိုလ်တစ်ဦးချင်း မော်တော်ယာဉ်တစ်စီးပါမစ်ထုတ်ပေးခြင်းကိုလည်း ၂၀၁၂ ခုနှစ်၊ မေလ ၇ ရက်နေ့မှ ခွင့်ပြုပေးခဲ့ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံရဲ့ လမ်းပန်းဆက်သွယ်ရေးစနစ်နှင့်ကိုက်ညီသော မော်တော်ယာဉ်များတင်သွင်းခြင်းနှင့်ပတ်သက်ပြီး ၂၀၁၃ ခုနှစ် ဇူလိုင်လမှ

စပြီး အရောင်းပြခန်း(Show Room) များအား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ရောက်ရှိခုနှစ်နှင့် တစ်နှစ်နိမ့် မော်ဒယ် (ဘယ်မောင်း) Brand New များကိုသာ တင်သွင်းခွင့်ပြုခဲ့ပါတယ်။ နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ထားတဲ့ လူပုဂ္ဂိုလ်တစ်ဦးချင်း မော်တော်ယာဉ်တင်သွင်းခြင်းအတွက်လည်း လက်ရှိကာလမှာ လူစီးမော်တော်ယာဉ်များ ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဘယ်မောင်း၊ ညာမောင်း မခွဲခြားဘဲ ခွင့်ပြု ပေးလျက်ရှိပြီး ရောက်ရှိခုနှစ်နှင့် တစ်နှစ်နိမ့်မော်ဒယ် (ဘယ်မောင်း)တင်သွင်းခြင်းအ ၂၀၁၅ ခုနှစ် မှာ စတင်ကျင့်သုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာနအနေနဲ့ မော်တော်ယာဉ်တင်သွင်းခြင်းအတွက် သွင်းကုန်လိုင်စင်ပါမစ်ထုတ်ပေးခြင်း သာ ဆောင်ရွက်တဲ့ဌာနဖြစ်ပါတယ်။ မော်တော်ယာဉ်ဆိပ်ကမ်းသို့ရောက်ရှိခြင်းအတွက် အကောက်ခွန် နှင့် ကုန်သွယ်ခွန်များ အကောက်ခွန်ဦးစီးဌာနမှလည်းကောင်း၊ ကနဦးမှတ်ပုံတင်ခြင်း ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှလည်းကောင်း ကောက်ခံဆောင်ရွက်ပေးနေပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းအစီအစဉ်ဖြင့် မော်တော်ယာဉ်ပါမစ်ထုတ်ပေးမှုအား ၂၀၁၂ ခုနှစ် မေလမှ စခွင့်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ် စက်တင်ဘာလ အထိ ကားစီးရေ ၁၈၆၅၄၄ စီးအား ခွင့်ပြုပေးခဲ့ပါတယ်။ အဆိုပါမော်တော်ယာဉ်များမှာ Brand New မော်တော်ယာဉ် ၁၉၈၂ စီးလည်း ပါဝင်ပါတယ်။

Reconditioned Vehicle များ တင်သွင်းခြင်းနှင့်ပတ်သက်ပြီး ယခင် ကုန်သွယ်ရေးဝန်ကြီး ဌာန၏ ၁၉၉၆ ခုနှစ်၊ မေလ ၁၇ ရက်စွဲပါ စာအမှတ်၊ ထုတ်ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင် လွှာ(၆/၉၆)ဖြင့် မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုခြင်းကိစ္စ လုပ်ထုံးလုပ်နည်းသတ်မှတ်ထုတ်ပြန်ရာ မှာ ပြုပြင်ပြီးမော်တော်ယာဉ်များ တင်သွင်းရာမှာ အချက်ခြောက်ချက်နှင့် ပြည့်စုံအောင် ပြုပြင်မွမ်းမံ ပြီးမှသာ တင်သွင်းရမည်ဟု ထည့်သွင်းသတ်မှတ် ထုတ်ပြန်ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီအချက်များက တော့ (က) Engine, tested and adjusted the complete condition including replacement of necessary parts လိုအပ်တဲ့အစိတ်အပိုင်းတွေကို ပြန်လည်အစားထိုးခြင်း အပါအဝင် အကောင်းပကတိပြည့်စုံကြောင်း စစ်ဆေးပြီး၊ တပ်ဆင်ပြီးသောအင်ဂျင် ဖြစ်ရပါမယ်။ (ခ) Under chassis including brakes, overhauled and repaired to complete safety condition including replacement of necessary parts လိုအပ်တဲ့အစိတ်အပိုင်းများ ပြန်လည်အစားထိုးခြင်းအပါ အဝင် အပြည့်အဝဘေးအန္တရာယ်ကင်းရှင်းရန် ဘရိတ်များက အသေးစိတ်စစ်ဆေးပြီး ပြန်လည်တပ်ဆင်ထားတဲ့ ကားအောက်ပိုင်းလည်း ဖြစ်ရပါမယ်။ (ဂ Body

repaired to complete condition and be painted ပြည့်စုံတဲ့အနေအထားကို ရောက်ရှိတဲ့အထိ ဆေးသုတ်ပြုပြင်ထားတဲ့ ကားကိုယ်ထည်ဖြစ်ရပါမယ်။ Room inside, cleaned ကားအတွင်းပိုင်း သန့်ရှင်းရပါမယ်။ (c New Battery and tyres ဘက္ထရီနှင့် တာယာများ အသစ်ဖြစ်ရပါမယ်။ (စ) Inspection by Government Authorized Inspection Agency အစိုးရအသိအမှတ်ပြုတဲ့ ပစ္စည်းစစ်ဆေးရေး အေဂျင်စီမှ စစ်ဆေးချက်ပါရှိရပါမယ် စသည် တို့ဖြစ်ပါတယ်။

အထက်ပါအချက်အလက်များအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌ လက်ရှိကျင့်သုံးလျက်ရှိတဲ့ ထုတ်ကုန်သွင်းကုန်လိုင်စင်များဆိုင်ရာ စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ၂၀၀၈ စာအုပ် အပိုဒ်ခွဲ(၆၄)မှာ ပြုပြင်ပြီး (Reconditioned) မော်တော်ယာဉ်များ တင်သွင်းခွင့်ပြု ခြင်းခေါင်းစဉ်ဖြင့် လုပ်ထုံးလုပ်နည်းထပ်မံထည့်သွင်း ဖော်ပြထားရှိခဲ့ပါတယ် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သွင်းကုန်လိုင်စင်ခွင့်ပြုရာမှာ ကုမ္ပဏီလုပ်ငန်းရှ Reconditioned ယာဉ်တင်သွင်းခွင့်လျှောက်ထားခြင်းအတွက် ၎င်းတို့လျှောက်ထားတဲ့ Invoice မှာ Reconditioned ယာဉ်ဖြစ်ကြောင်း အထက်ဖော်ပြပါအချက်အလက်များ ထည့်သွင်း လျှောက်ထားမှုအပေါ် ကတိဝန်ခံချက်ရယူပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါတယ်။ ပစ္စည်းအမှန်တကယ် တင်သွင်းလာချိန်မှာ ကုန်ပစ္စည်းစစ်ဆေးတဲ့ အကောက်ခွန်ဦးစီးဌာနမှ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးတင်သွင်းခွင့်ပြုခြင်း၊ ယာဉ်မှတ်ပုံတင်ခြင်းအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ လုပ်ထုံးလုပ်နည်းနှင့် အညီစိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုလျက်လည်း ရှိပါတယ်။

နိုင်ငံသားများ ကားဟောင်း၊ ကားသစ်များဝယ်ယူသုံးစွဲနိုင်ရေးအတွက်လည်း ဆိပ်ကမ်း ရောက်ရှိလာတဲ့ မော်တော်ယာဉ်များအား ထိခိုက်၊ တိုက်ကျေမှုရှိ/မရှိကိုဦးစွာစစ်ဆေးပြီး ကောင်းမွန်တဲ့ မော်တော်ယာဉ်များကို အကောက်ခွန်ဦးစီးဌာနမှ ID (Inport Declarations) ဖွင့်လှစ်ပြီး မော်တော် ယာဉ် ထုတ်ယူခွင့်ပြုပါတယ်။ Reconditioned သတ်မှတ်ချက် ၆ ချက်မှာ အပိုဒ်(စ)ပါအချက်အရ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ ဈေးကွက်မှာ တစ်ပတ်ရစ်ကားများကို ကီလိုမီတာပြန်လျှော့ပြီးရောင်းချခြင်းအတွက် ပပျောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့်ညှိနှိုင်းပြီးတော့ ကီလိုမီတာ ပြန်လျှော့တဲ့ကိစ္စတွေပပျောက်အောင် ဆော င်ရွက်နေပါတယ်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုတဲ့ မော်တော်ယာဉ်အမျိုးအစားနှင့် အမှန်တင်သွင်းလာတဲ့ မော်တော်ယာဉ်အမျိုးအစား ကိုက်ညီမှုရှိ/မရှိအား အင်ဂျင်နံပါတ်၊ ဘောင်နံပါတ်၊ ယာဉ်ရဲ့ခါးပါတ်၊ ယာဉ်အစိတ်အ နံပါတ်အပြင် Export Certificate တစ်ဖက်နိုင်ငံမှာ ဖျက်သိမ်းကြောင်းအထောက်အထားဖြင့် မော်တော်ယာဉ်ရဲ့ Model နှင့် ပုံစံအားစစ်ဆေးခြင် ဆောင်ရွက်ပါတယ်။ ပြည်ပမှမော်တော်ယာဉ်တင်သွင်းရာမှာ တင်သွင်းတဲ့ မော်တော်ယာဉ်များရဲ့ ၉၀ ရာခိုင်နှုန်းခန့်မှာ Export Certificate ပါရှိပါတယ်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားတဲ့ Recondition အချက်နှင့်ကိုက်ညီမှုမရှိက ဒဏ်ကြေးကျပ် တစ်သိန်းကောက်ခံဆောင်ရွက်ပါတယ်။ သွင်းကုန်လိုင်စင်မှာ Brand New ဖော်ပြပြီးတော့ Reconditioned တင်သွင်းလာပါက ဒဏ်ကြေး ၁/၂ AV ဆောင်ရွက်ပါတယ်။ ဒဏ်ကြေးကောက်ခံခြင်းအတွက် အကောက်ခွန်ဦးစီးဌာနရဲ့ ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁၅/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်ကစတင်ပြီးတော့ ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အား ကနဦးမှတ်ပုံတင် ပြုရာမှာ မော်တော်ယာဉ်အမျိုးအစား၊ အမျိုးအမည်၊ အတိုင်းအတာ၊ ယာဉ်ရဲ့ထုတ်လုပ်တဲ့ ခုနှစ်များကို သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဦးစီးဌာနရဲ့ တင်ပြချက် သက်ဆိုင်ရာနိုင်ငံမှ ဖျက်စီးပြီးကြောင်း အထောက်အထားဖြင့် တိုက် င်စစ်ဆေးပါတယ်။ ထို့ပြင် မော်တော်ယာ ဆိပ်ကမ်းရောက်ရှိစဉ် အကောက်ခွန်ဦးစီးဌာနမှပေးပို့တဲ့ ဓာတ်ပုံအထောက်အထားများနှင့် စစ်ဆေးခြင်း၊ ကားကတ်တလောက်ဖြင့်စစ်ဆေးခြင်း ဆောင်ရွက်ပါတယ်။ မော်တော်ယာဉ်ရဲ့ သတ်မှတ်ခုနှစ်ပုံစံ တစ်နှစ်ကွာခြားပါက ဒဏ်ကြေးကျပ်တစ်သိန်းကောက်ခံဆေ င်ရွက်ပါတယ်။ ယာဉ်ရဲ့တင်အာ တစ်တန်မှသုံးတန်အထိ ကွဲလွဲခြင်းအား ကျပ်တစ်သိန်းကောက်ခံပြီး သုံးတန်အထက် ကွဲလွဲခြင်းအ ကျပ်နှစ်သိန်းကောက်ခံပါတယ်။ အခြားနိုင်ငံများနည်းတူ တင်သွင်းမယ့်ကားများကို မတင်သွ နိုင်ငံတကာစံချိန်မီအရည်အသွေးစစ်ဆေးရေးအဖွဲ့တစ်ခုခုမှ အရည်အသွေးစစ်ဆေး ခြင်းလက်မှတ် Inspection Certificate ပါရှိမှ တင်သွင်းခွင့်ပြုရန် လောလောဆယ်မှာ အစီအစဉ်မရှိသေးပေမယ့်လည်းပဲ နောင်ဝင်လာမယ့်ကားရဲ့ ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံစိတ်ချရမှုအတွက်တော့ သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေဆိုခြင်းအစီအစဉ် ပြီးဆုံးပါပြီ။

**ဥပဒေကြမ်းကော်မတီက တင်သွင်းသည့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက တင်သွင်းသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ဖြစ်သော ၂၀-၁၁-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလို ဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစီအစဉ်အလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင် အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထား ရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက် ၁၅ ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်

သည့်ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုများ တင်သွင်းလာခဲ့ပါ တယ်။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး လွင်ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းတို့က ပြင်ဆင်ချက်အဆိုများ တင်သွင်း လာခဲ့ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ၂၂-၁၁-၂၀၁၄ ရက်နေ့မှာ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆော ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါတယ်။ အဲ့ဒီအစည်းအဝေးရဲ့ ညှိနှိုင်းချက်အရ ပြည်သူ့လွှတ်တော်တွင် ပြင်ဆင်ရန်တင်ပြချက်ဇယားများကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါ တယ်။ အဆိုပါဇယားမှာ ပါရှိတဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံပြင်ဆင်ရန် တင်ပြ ချက် ၁၅ ချက်မှာ အောက်ပါအတိုင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၂ အမှတ်စဉ် ၇ အပိုဒ် ၂ အပိုဒ်ခွဲ(ဓ) ခြေဆင်းပြင်ဆင်ချက်နှင့် အပိုဒ် ၂ အပိုဒ်ခွဲ(ဓ) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၄)နှင့် အပိုဒ်ခွဲငယ် ၅) အသစ် ဖြည့်စွက်ချက်များ ဖြစ်ပါတယ်။ စာမျက်နှ ၃ အမှတ်စဉ် ၈ အပိုဒ် ၂ အပိုဒ်ခွဲ(ဓ) အပိုဒ်ခွဲငယ်(၆) အပိုဒ်ခွဲငယ်(၈) အသစ်ဖြည့်စွက်ချက်ဖြစ်ပါတယ်။ စာမျက်နှာ ၃ အမှတ်စဉ် ၉ အပိုဒ် ၃ အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၃ အမှတ်စဉ် ၁၁ အပိုဒ် ၅ အပိုဒ်ခွဲ(က)၊ စာမျက်နှာ ၄ အမှတ်စဉ် ၁၂ အပိုဒ် ၅ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် ၁၃ အပိုဒ် ၅ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) အသစ်ဖြည့်စွက်ချက်၊ အမှတ်စဉ် ၁၄ အပိုဒ် ၅ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃) အသစ်ဖြည့်စွက်ချက်၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅ အမှတ်စဉ် ၁၇ အပိုဒ် ၇ အပိုဒ်ခွဲ(ဂ)၊ အမှတ်စဉ် ၁၈ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဇ)၊ အမှတ်စဉ် ၁၉ အပိုဒ် ၁၀ ၏ ခြွင်းချက်၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၇ နှင့် ၈၊ အမှတ်စဉ် ၂၀ အပိုဒ် ၁၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့် အ ခွဲ(ဃ) အပိုဒ်ခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)နှင့်(၅)၊ စာမျက်နှ ၈

အမှတ်စဉ် ၃၂ အပိုဒ် ၂၄၊ စာမျက်နှာ ၉ အမှတ်စဉ် ၃၃ အပိုဒ် ၂၉ အသစ်ဖြည့်စွက်ချက်၊ အမှတ်စဉ် ၃၄ အပိုဒ် ၃၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အမှတ်စဉ် ၃၅ အပိုဒ် ၃၁ တို့ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက် ဖော်ပြပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက် ၁၅ ချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ အဆိုပြုချက် ၁၅ ချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိ တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ၁၅ ချက်အား အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယားနဲ့ ဆက်လက်ဆောင်ရွက်ပါမယ်။ စာမျက်နှာ ၁ အမှတ်စဉ် ၁ ဒေါက်တာနေလင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်က အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းနှင့်ပတ်သက်ပြီး စာမျက်နှာ ၁ အမှတ် စဉ် ၁ ပါ ဥပဒေခေါင်းစီးနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ခုနှစ်)ဟု ပြင်ဆင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အကြောင်းရင်းကတော့ နိုင်ငံတော်မှ ထုတ်ဝေထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ စာအုပ်အစိမ်းမျက်နှာဖုံး ခေါင်းစီးအကြောင်းအရာ နှင့်ကိုက်ညီမှုရှိစေရန်အတွက်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုထားတဲ့ Constitution Of The Republic Of Union Of Myanmar 2008 ဟု ဖော်ပြထားတဲ့အတွက်ကြောင့် ဥပဒေကြမ်း ခေါင်းစီးအား ပြင်ဆင်ရန်အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒေါက်တာနေလင်းရဲ့ ပြင်ဆင် ရန်အဆိုပြုချက်ကို သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာနေလင်းရဲ့အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီကလည်း သဘောတူကြောင်း ပြောပါတယ်။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့ အတွက် ဒေါက်တာနေလင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁ အမှတ်စဉ် ၂ ဒေါက်တာနေလင်း တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းနှင့်ပတ်သက်၍ နိဒါန်းအပိုင်းမှာ ယခင် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုထုတ်ပြန်ပြီးတဲ့ဥပဒေများနှင့် ကိုက်ညီမှုရှိစေရန်အတွက် လည်းကောင်း၊ နိဒါန်းများလည်း၊ ခြေဆင်းများလည်း ဖော်ပြထားခြင်းမရှိတဲ့အတွက်ကြောင့် နိဒါန်းပိုင်း မှာ တင်ပြထားတဲ့နိဒါန်း၊ စကားချီးအား ပယ်ဖျက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဆိုတဲ့ တစ်ပိုဒ်ကိုပဲ ပြင်ဆင်ရန်အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာနေလင်း၊ ပြင်ဆင်အဆိုပြုချက်အား ဥပဒေကြမ်းကော်မတီမှ သဘောတူကြောင်း တင်ပြပါတယ်။ လွှတ်တော်က ဒေါက်တာနေလင်းရဲ့ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဒေါက်တာနေလင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းဖြစ်ပြီးတော့မှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်အဆိုပြုချက် တင်ပြသွားမှာဖြစ်ပါတယ်။ အခန်း(၁) အပိုဒ် ၂ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုသည် မှာဆိုတဲ့ပြဋ္ဌာန်းချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၄၃၆ ပုဒ်မခွဲ(က)နှင့် အကျုံးဝင်သည့်ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြုနိုင်ရေးအတွက် ကျင်းပသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဆိုသည်လို့ ပြင်ဆင်ရန်အဆိုပြု ထားပါတယ်။ ဒါ့အပြင် အသစ်ဖြည့်စွက်ခြင်းအနေနဲ့ အပိုဒ်ခွဲ(ဃ)မှာ ငေ ရှင်အဖွဲ့ခွဲဆိုသည်မှာ ဤဥပဒေအရ ကော်မရှင်က ဖွဲ့စည်းတာဝန်ပေးအပ်သော ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဆိုသည် အပိုဒ်ခွဲ(င)မှာ နေပြည်တော်ကောင်စီ ကော်မရှင်အဖွဲ့ခွဲဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံ၊

ကျင်းပရေး နေပြည်တော်ကောင်စီ ကော်မရှင်အဖွဲ့ခွဲကို ဆိုသည်လို့ အသစ်ဖြုံ စွက်ပြဋ္ဌာန်းလိုပါတယ်။ ပြင်ဆင်အဆိုပြုချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက်အား ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို ဥပဒေကြမ်းကော်မတီမှ သဘောတူကြောင်း တင်ပြသွားပါတယ်။ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း တင်ပြတဲ့ တင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းတင်ပြတဲ့ စာမျက်နှာ ၁ အမှတ်စဉ် ၃ နှင့် စာမျက်နှာ ၂ အမှတ်စဉ် ၄ တို့ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း တင်ပြဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း ၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)မှာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့မှ ဆိုတဲ့သတ်မှတ်ချက်ဟာ ကျွန်တော်တို့ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီရန်အတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲလို့ ပြင်ဆင်အဆိုပြုအပ်ပါတယ်။ အဲ့ဒီမှာ မှတ် ဤဥပဒေတွင်ပါရှိသော ပြည်နယ် သို့မဟုတ် တိုင်းဆိုသည့်စကားရပ်များသည် တိုင်းဒေသ သို့မဟုတ် ပြည်နယ်ဟု အသီးသီးပြင်ဆင်ပါတယ်ခင်ဗျား။ အတည်ပြုပေးနိုင်ပါရန် လွှတ်တော သို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောတူကြောင်း တင်ပြပါတယ်။ လွှတ်တော်က ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ်ဖြည့်စွက်ချက်အနေနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲဆိုသည်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲကိုဆိုသည်။ ထို့အပြင် အပိုဒ်ခွဲ(ထ)အနေနဲ့ ကျွန်တော်တို့ ဆန္ဒမဲလက်မှတ်ဆိုသည်မှာ ဤဥပဒေအရ ကော်မရှင်ကသတ်မှတ်ပေးသော ဆန္ဒမဲလက်မှတ်ကိုဆိုသည်။ အပိုဒ်ခွဲ(ဒ)ကို ကြိုတင်ဆန္ဒမဲလက်မှတ်ဆိုသည်မှာ ဤဥပဒေအရ ကော်မရှင်ကသတ်မှတ်ထားသော ကြိုတင်ဆန္ဒမဲလက်မှတ်ကိုဆိုသည်လို့ အသစ်ဖြည့်စွက်လိုပါတယ်။ ထိုသို့ဖြည့်စွက်ရခြင်းရဲ့အကြောင်းမှာ ယခင်က ကျွန်တော်တို့ ပြဋ္ဌာန်းထားတဲ့အခါမှာ ခရိုင်ကော်မရှင်အနေနဲ့ပဲပါတဲ့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ကိုက်ညီရန်အတွက် ပြင်ဆင်ရန်လိုအပ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ထပ်မံဖြည့်စွက်ရန် လိုအပ်ပါသဖြင့် သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၁၀ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ပြင်ဆင်အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၃ အမှတ်စဉ် ၁၀ အပိုဒ် ၄ အပိုဒ်ခွဲငယ်(ခ)မှာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် ပြည်လုံးကျွတ်ဆန္ဒခံကျင်းပရေးအတွက် မိမိတို့၏ဆန္ဒခံယူပွဲ ဒေသအလိုက် ဆန္ဒမဲပေးခွင့်ရှိသူများ၏စာရင်းကို အနည်းဆုံး ၁၅ ရက် ကြိုတင်ကြေညာရမည်ဟု ပြင်ဆင်အဆိုပြုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အချိန်လုံလောက်မှုရှိရန်နှင့် စနစ်တကျ မှန်မှန်ကန်ကန်စိစစ်လုပ်ဆောင်နိုင်ရန်အတွက် တင်ပြခြင်းဖြစ်ပါတယ်။ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သတ်မှတ်တဲ့ရက် ၁၅ ရက်ဖြစ်တာကို သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၁၆ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ပြင်ဆင်အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၄ အခန်း (၄) အပိုဒ် ၆ အပိုဒ်ခွဲငယ်(ဇ)မှာ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲအသီးသီးသို့ ထုတ်ပေးခြင်း ဟူ၍ ပြင်ဆင်ပါတယ်။ မှတ်ချက်အနေနဲ့ ဤဥပဒေတွင်ပါရှိသော ခရိုင်ဆိုသည့်စကားရပ်၏ရှေ့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆိုသည်စကားရပ်ကို အသီးသီးဖြည့်စွက်သွားရန် အဆိုပြုတင်ပြအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျွန်တော်တို့ ညီညွတ်စေရန်အတွက် ပြီးရင် ပိုမိုပြည့်စုံစေရန်အတွက် ပြဋ္ဌာန်းခြင်းဖြစ်တဲ့အတွက်ကြောင့် အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅ အမှတ်စဉ် ၂၈ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်က ပြင်ဆင်အဆိုပြုဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ စာမျက်နှာ ၅ အမှတ်စဉ် ၂၀ အခန်း ၅ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)ကို ကျွန်မပြင်ဆင်မှာ ဖြစ်ပါတယ်။ အပိုဒ် ၁၁ အပိုဒ်ခွဲ(က)ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည်နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရမည်ဟု ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းကတော့ ယခုပြဋ္ဌာန်းတဲ့ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့ဥပဒေ အတည်ပြုမယ့် ဆန္ဒခံယူပွဲဥပဒေဖြစ်ပါတယ်။ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် မည်သူကိုမဆို ဥပဒေရေ ရာတွင် တန်းတူအခွင့်အရေးရရှိစေရမည်ဟု ပြဋ္ဌာန်းထား ချက်အရ နိုင်ငံသားများသာမက ဧည့်နိုင်ငံသားများကိုပါ ထည့်သွင်းဖို့ရန်အတွက် ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။ ကျွန်မရဲ့ပြင်ဆင်ချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန်အတွက် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီကလည်း အမှတ်စဉ် ၂၀ မှာ တင်ပြထားတာရှိပါတယ်။ ဥပဒေကြမ်းကော်မတီက မိမိရဲ့ပြင်ဆင်အဆိုပြုချက် တင်ပြဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ အခန်း (၅) အပိုဒ် ၁၁ ရဲ့ ပုဒ်မခွဲ (က)မှာက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပတဲ့နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသည့် နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများကို ကျွန်တော်တို့ ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ ဧည့်နိုင်ငံသားများကိုတော့ ကျွန်တော်တို့က ထည့်သွင်းထားခြင်း မရှိပါဘူး။ သို့သော်လည်း ကျွန်တော်တို့ ဒီအပေါ်မှာ ပြဋ္ဌာန်းချက်ကို ပြန်လည်ကြည့်တဲ့အခါမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီ သက်သေခံလက်မှတ်ကိုင်ဆောင်ထားသူတိုင်းသည်လို့ လေးခုစလုံးကို ထည့်ထားတာ ဖြစ်ပါတ[illegible] သို့ဖြစ်ပါ၍ လွှတ်တော်ရဲ့အဆုံးအဖြတ်ခံယူရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ရွေးကောက်ပွဲကော်မရှင်က ယခုတင်ပြသွားတဲ့ ဥပဒေကြမ်း မတီနဲ့ ဒေါ်ခင်စန်းလှိုင်တို့ရဲ့ ပြင်ဆင်အဆိုပြုချက်ပေါ် မူတည်ပြီးတော့ ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်နိုင်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကို လေးစားပါတယ်ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံသားများ နှင့်စပ်လျဉ်းပြီးတော့မှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အဓိကအားဖြင့် [illegible]င်းနှစ်ပိုင်းနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပထမပိုင်းကတော့ နိုင်ငံရေးပါတီများ ဖွဲ့စည်းတည်ထောင်ခြင်းအပိုင်း[illegible] ဖြစ်ပါတယ်။ ဒီအပိုင်းမှာ နိုင်ငံရေးပါတီ တည်[illegible] လိုတဲ့သူတွေဟာ နိုင်ငံသားဖြစ်ရမယ်ဆို[illegible]

အကြောင်းနဲ့ နိုင်ငံရေးပါတီဝင်များအနေနဲ့ နိုင်ငံသားဖြစ်သူများနဲ့ နိုင်ငံသားပြုခွင့်ရသူများသာ ဖြစ်ရမယ်ဆိုတဲ့ အကြောင်းကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ပြင်ဆင်ချက် ဥပဒေပြဋ္ဌာန်းပေးခဲ့တဲ့ဒ က်ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဒီပြင်ဆင်ချက် ဥပဒေအတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ ဒုတိယအပိုင်းကတော့ ရွေးကောက်ပွဲများကျင်းပခြင်းအပိုင်းဖြစ်ပါတယ်။ ရွေးကောက်ပွဲများကျင်းပ ရာမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ (က)မှာ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသ မဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများနှင့် ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်အရဆိုရင် နိုင်ငံသား များဟာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသကဲ့သို့ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိတယ်လို့ သတ်မှတ်ခြင်းခံရတဲ့ လူတွေဟာလည်းပဲ ဆန္ဒမဲပေးပိုင်ခွ ရှိပါတယ်။ ဒီဖွဲ့စည်းပုံအ ခြေခံဥပဒေပုဒ်မ ၃၉၁(က)ပါပြဋ္ဌာန်း ချက်နဲ့အညီ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများရဲ့ ပုဒ်မ ၆ မှာ ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေနဲ့ အောက်ပါအတိုင်းပြဋ္ဌာန်းထားပါတယ်။ အောက်ပါအရည်အချင်း များနဲ့ ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး၊ ရွေးကောက်ပွဲတွင် ဆန္ဒ ပေးပိုင်ခွင့်ရှိသည်။ (က) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်တဲ့ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြု ရသူ သို့မဟုတ် ယာယီသတ်သေခံလက်မှတ်ကိုင်ဆောင်ထားသူများဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ အခုပြဋ္ဌာန်းချက်ပ ယနေ့တိုင်အတည်ဖြစ်လျက် ရှိပါတယ်။ ဒီရွေးကောက်ပွဲဥပဒေများပါ ပုဒ်‌ ၆ ကို ပြင်ဆင်ထားခြင်း မရှိသေးပါဘူး။ ဒါကြောင့် မဲဆန္ဒပေးပိုင်ခွင့်ရှိသူများအနေနဲ့ သတ်မှတ်တဲ့နေရာမှာ ယခုတည်ဆဲဖြစ်တဲ့ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေသုံးခုစလုံးရဲ့ ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်ရန်လိုအပ်မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီက မူလအဆိုပြုထားတဲ့ အချက်တွေဟာဆိုလို့ရှိရင် ဒီလွှတ်တော် ရွေးကောက်ပွဲဥပဒေ(၃) ရပ်စလုံးရဲ့ ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖြစ်တာတွေ့ရပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီကပြဋ္ဌာန်းခဲ့တဲ့ မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုပေးသင့် ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ ဥပဒေနဲ့ညီညွတ်ဖို့လိုပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေမှာ မည်သူတွေက မဲဆန္ဒပေးပိုင်ခွင့်ရှိတယ်ဆိုတာကို ဖတ်ကြားရှင်းလင်းတင်ပြပေးဖို့ဖြစ်ပါတယ်။ ကျွန်တော်နားလည်လိုက်တာက ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေလည်း ဒီအတိုင်းပဲ နားလည်မယ်လို့ ယူဆပါတယ်။ ပြည်သူ့လွှ ရွေးကောက်ပွဲဥပဒေမှာ အဲ့ဒီဥပဒေအတိုင်းပဲ ပြဋ္ဌာန်းတယ်ဆိုရင် ဒီအတိုင်းကိုပဲ ကျွန်တော်တို့က လိုက်နာရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေမှာ ဘယ်လိုများ ပြဋ္ဌာန်းထားပါသလဲ။ ဖြည်းဖြည်းမှန်မှန် ဖတ်ပေးပါ။

**ဦးမြင့်နိုင်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကို လေးစားပါတယ်ခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေရော၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေရော၊ တိုင်းဒေသကြီး/ပြည် ရွေးကောက်ပွဲဥပဒေရော၊ ရွေးကောက်ပွဲ ဥပဒေ (၃) ခုစလုံးရဲ့ အခန်း (၁၄) မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဆိုပြီးတော့ ခေါင်းစဉ်တပ်ထားပြီးတော့ ပုဒ်မ ၆ မှာ အောက်ပါအရည်အချင်းများနှ ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ (က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသ ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသတ်သေခံလက်မှတ်ကိုင်ဆောင်ထားသူ။ (၂) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူဆိုပြီးတော့ ပြဋ္ဌာန်းထားပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲ ဒါကြောင့်မို့လို့ ကျွန်တော်ပြန်ယူခိုင်းထားပါတယ်။ ဒီအပိုဒ်ကို ကျွန်တော်တို့ ခဏကျော်ပါမယ်။ စာမျက် ၄ အမှတ်စဉ် ၁၆။ ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း ပြင်ဆင်အဆိုပြုချက်တင်ပြဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း( တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျား။ စာမျက်နှာ ၄ အမှတ်စဉ် ၁၆။ အခန်း (၄) အပိုဒ် ၇ မှာ ပြည်နယ် သို့မဟုတ် တိုင်းကော်မရှင်အဖွဲ့ခွဲများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှ အောက်ပါအတိုင်း ဖြစ်ပါသည်ဆိုတဲ့ ပြဋ္ဌာန်းချက်ဟာ အခုလက်ရှိအနေအထားနဲ့ ဖွဲ့စည်းပုံနဲ့ မညီညွတ်တော့တဲ့အတွက်ကြောင့် နေပြည်တော်ကောင်စီကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး သို့မဟုဝ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်ဆို

မှတ်ချက်မှာ ဤဥပဒေတွင်ပါရှိသော တိုင်းဒေသကြီးဆိုသည့် စကားရပ်များရဲ့ရှေ့မှာ နေပြည်တော်ကောင်စီကော်မရှင်အဖွဲ့ခွဲဆိုသည့် စကားရပ်များကို အသီးသီး ဖြည့်စွက်သွားရန် အဆိုပြုတင်ပြအင်ပါတယ်။ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒုတိယဗိုလ်မှူးကြ မျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆ အမှတ်စဉ် ၂၀ ဒုတိယဗိုလ်မှူးကြီးလွင်ဦး တင်ပြဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးလွင်ဦး ( တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးလွင်ဦးဖြစ်ပါတယ်။ ကျွန်တော် ပြင်ဆင်ချက်ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၂၀ အခန်း (၅) အပိုဒ် ၁၁ မှာ တပ်တွင်းတွင် နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် ဆန္ဒခံယူပွဲဒေသ၏ ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ ဖွဲ့ဝင်များ ယင်းတို့နှင့်လိုက်ပါ နေထိုင်သော မိသားစုဝင်များနှင့် မှီခိုသူများဆိုပြီးတော့မှ ဖြည့်စွက်လိုပါတယ်။ ဖြည့်စွ အကြောင်းအရင်းကတော့ တပ်မတော် ကြည်း၊ ရေ၊ လေမိသားစုများမှာ မိသားစုဝင်များအ လာရောက်မှီခိုနေထိုင်ကြသူများ ဆန္ဒမဲများဆုံးရှုံးမှုမရှိစေရေးအတွက် ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ဖြည့်စွက်လိုခြင်းအား လွှတ်တော်မှာ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားကိုယ်စားလှယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော် ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ပြင်ဆင်အဆိုပြုချက် အတ ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၂ ဒေါ်ခင်စန်းလှိုင် တင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ စာမျက်နှာ ၆ အမှတ်စဉ် ၂၂ အပိုဒ် ၁၁ ပုဒ်မခွဲ(ခ) (ဇ) မှာ ကျွန်မအနေနဲ့ နောက်ထပ်ထပ်ပြီးတော့ အသစ်ဖြည့်ထားတာ ရှိပါတယ်။ အဲ့ဒါကတော့ ရဲစခန်းများ အကျဉ်းထောင်များရှိ အချုပ်သားမှ . ထောင်ကျနေသူများဆိုပြီးတော့ ကျွန်မတို့မဲစာရင်းမှာ ထည့်သွင်းရမယ့် ပုဂ္ဂိုလ်များမှာ ထောင်ကျများကိုကျွန်မအနေနဲ့ ထပ်မံပြီးတော့ ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ ကျွန်မတို့ ၁၉၇၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုအတည်ပြုရန်အတွက် ဆန္ဒခံယူပွဲကျင်းပစဉ်တုန်းက ဒီဥပဒေရဲ့အခန်း(၅) မဲစာရင်းများပြုစုခြင်းကဏ္ဍမှာ ကျွန်မတို့ထောင်ကျများကိုပါထည့်ပြီးတော့မှ စာရင်းပြုစုထားခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုရန်အတွက် ဆန္ဒခံယူပွဲပြုလုပ်တဲ့အချိန်မှာတော့ ဒီလိုမျိုးထောင်ကျတွေကို မဲစာရင်းမှာ ထည့်သွင်းတာကိုမတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ ဒီ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့ရန်အတွက် ဆန္ဒခံယူပွဲကျင်းပတဲ့အချိန်မှာတော့ ကျွန်မတို့က ထောင်ကျများကိုပါ ထည့်သွင်းဖို့ရန်အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၇ အရ ဥပဒေအရာမှာအားလုံးသည် တန်းတူညီမျှတဲ့ အခွင့်အရေးနဲ့ အကာအကွယ်ကိုရနိုင်သည်ဆိုတဲ့ ပြဋ္ဌာန်းချက်အရ ထောင်ကျတာနဲ့လူ့အခွင့်အရေး ဆုံးရှုံးမှုမရှိစေရန်အတွက် ထောင်ကျများကိုပါ မဲစာရင်းမှာ ထည့်သွင်းဖို့ရန်အတွက် တင်ပြရခြင်းဖြစ်ပါတယ်။ ကျွန်မရဲ့တင်ပြချက်ကိုအတည်ပြုပေးနိုင်ပါရန်အတွက် လွှတ်တော်ကိုတင်ပြပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီပြင်ဆင်ချက်ဟာ မူလဥပဒေကြမ်းရဲ့ အပိုဒ် ၁၁ အပိုဒ်ခွဲ (ခ) ဖော်ပြချက်ကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ)မှာ ဆန္ဒမဲစာရင်းမှာ ထည့်သွင်းရမယ့်လူတွေစာရင်းကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့တဲ့အခါမှာလည်း ယခု တည်ဆဲ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုလာဖို့ ပြည်သူလူထု ၉၂.၄ ရာခိုင်နှုန်းဟာ အတည်ပြုခဲ့တာဖြစ်ပါတယ်။ အဲ့ဒီလက်ရှိ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပတဲ့အချိန်မှာလည်း နဂိုမူလအတည်ပြုခဲ့တဲ့ စည်းမျဉ်း စည်းကမ်းတွေအတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့လူတွေဟာ ရှေ့နောက်ညီညွတ်ရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်က တာဝန်ရှိပုဂ္ဂိုလ်

များစောစောကတင်ပြသွားသလိုပါပဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာရော၊ သက်ဆိုင်ရာရွေးကော ဥပဒေအသီးသီးမှာရော၊ ဆန္ဒမဲပေးပိုင်ခွ ရှိတဲ့ ဆန္ဒမဲစာရင်းမှာပါတဲ့ လူတွေစာရင်းကိုအတိအကျ ဖော်ပြထားပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားတဲ့ အတည်ပြုချက်အတိုင်း ရဲစခန်းများနှင့်အကျဉ်းထောင်များရှိ အချုပ်သားများဆိုတဲ့ ပြဋ္ဌာန်းချက်ကိုပဲ လွှတ်တော်မှ အတည်ပြု ပေးဖို့ လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ⊞ဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီနဲ့ ဒေါ်ခင်စန်းလှိုင်တို့ရဲ့ ပြင်ဆင်အဆိုပြုချက်က အနည်းငယ်မျှ ကွဲလွဲချက်ရှိပါတယ်။ ဒါကြောင့် လွှတ်တော်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်ရှိကြောင်း တင်ပြကြပါတယ်။ ထိုင်နိုင်ကြ ပါပြီ။ တစ်ေ ထပ်ပြီးတော့ မေးမြန်းတင်ပြပါမယ်။ ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ ထိုင်နိုင်ကြပါပြီ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံသူများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင် ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၂၃ ။ ဒေါ်ခင်စန်းလှိုင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ စာမျက်နှာ ၆၊ အမှတ်စဉ် ၂၃ အပိုဒ် ၁၁ အပိုဒ်ခွဲ(ဃ)(၃) မှာ ပြစ်မှုတစ်ခုခုကြောင့် တရားရုံး၏ အမိန့် စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူဆိုတဲ့ အပိုဒ်ကို ကျွန်မအနေနဲ့ ဒီ ကျွန်မအပိုဒ် ၁၁ (ခ) (၉) ကို ပြောင်းလဲလိုက်ခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီအပိုဒ်ကို ပယ်ဖျက်ရန်တင်ပြထားခြင်းပဲ ဖြစ်ပါတယ်။ ကျွန်မရဲ့ အဆိုပြုချက်ကို ပြည်သူ့လွှတ်တော်မှနေပြီးတော့ ဆုံးဖြတ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)(၉) ကို ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်း အတည်ပြုပြီးဖြစ်တဲ့အတွက် ပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)(၃) ကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အတည်ပြုချက်အတိုင်းသာ ဆက်လက်အတည်ပြုရန်သာ ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုရန် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးလွင်ဦး ပြင်ဆင်အဆိုပြုဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးလွင်ဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ချက်ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၂၄ အပိုဒ်(ဃ) (၂) မှာ တပ်တွင်းတွင်နေထိုင်သော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် ဆန္ဒခံဒေသ၏ ပြင်ပသို့ တာဝန်ဖြင့်ရောက်ရှိနေသော တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်လိုက်ပါနေထိုင်သော မိသားစုဝင်များနှင့် မှီခိုသူများအတွက် သက်ဆိုင်ရာတပ်မှူးနှင့်ဒ ပြည်ဆင်ဖြည့်စွက်လိုပါတယ်။ ကျွန်တော်၏ ဖြည့်စွက်မှုအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးလွင်ဦး ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးလွင်ဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ချက်ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၂၅ အပိုဒ် ၁၂ အပိုဒ်ခွဲ (င)မှာပါတဲ့ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)အရ ဆန္ဒမဲပေးခွင့်ရှိသည့် တပ်မတော်သားကြည်း၊ ရေ၊ ‹ မိသားစုဝင်၊ တပ်ဖွဲ့ဝင်များ၊ ယင်းတို့၏မိသားစုဝင်များနှင့် မှီခိုသူများအတွက် မဲစာရင်းပြုစုရာတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် အောက်ပါအတိုင်းဆောင်ရွက်ရမည် ဆိုတဲ့ ဖြည့်စွက်ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စာမျက်နှာ ၇ မှာရှိတဲ့ ဒုတိယဗိုလ်မှူးကြီးလွင်ဦး တင်ပြရမယ့်၊ အဆိုပြုရမယ့်ဟာများကို ဆက်လက်ပြီး တင်ပြအဆိုပြုဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးလွင်ဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ စာမျက်နှာ ၇ အမှတ်စဉ် ၂၆ အခန်း (၅) အပိုဒ် ၁၂ အပိုဒ်ခွဲ(င)(၁)မိမိတို့နှင့်သက်ဆိုင်သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အတွင်း အခြေစိုက်လျက်ရှိသည့် တပ်ရင်းတပ်ဖွဲ့တပ်ဌာနချုပ်များ၌ နေထိုင်ကြသော တပ်မတော်ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ယင်းတို့မိသားစုဝင်များနှင့် မှီခိုသူများ၏ အမည်များကို သက်ဆိုင်ရာ တပ်မှူး၏ အကူအညီဖြင့် မဲစာရင်းတွင် ထည့်သွင်းခြင်း၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၇ အပိုဒ် (င) အပိုဒ်ခွဲငယ်(၂) သက်ဆိုင်ရာတပ်ကွင်း၌မနေဘဲ တပ်၏ပြင်ပ၌ နေထိုင်ကြသော တပ်မတော်ကြည်း၊ ရေ၊ လေတပ်ဖွဲ့ဝင်များ၊ ယင်းတို့နှင့်အတူနေထိုင်ကြသည့် မိသားစုဝင်များနှင့် မှီခိုသူများ၏အမည်များ ကို ယင်းတို့နေထိုင် ရာဆန္ဒခံယူပွဲ ဒေသ၏မဲစာရင်း၌ ထည့်သွင်းခြင်းများကို ဖြည့်စွက်လိုပါတယ်။ ကျွန်တော့်ရဲ့ ဖြည့်စွက်ချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီဟာက စာမျက်နှာ ၇ အမှတ်စဉ် ၂၈ ကို နောက်ဆုံးတင်ပြတာမှန်ပါသလား။

**ဒုတိယဗိုလ်မှူးကြီးလွင်ဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အမှတ်စဉ် ၂၇ ပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၇။ ဒါ့ကြောင့် ဒုတိယဗိုလ်မှူးကြီးလွင်ဦး တင်ပြသွားတဲ့ စာမျက်နှာ ၆ အမှတ်စဉ် ၂၅။ စာမျက်နှာ ၇ အမှတ်စဉ် ၂၆။ အမှတ်စဉ် ၂၇ တို့အား ဥပဒေကြမ်းကော်မတီက သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ပြင်ဆင်အဆိုပြုချက် ၃ ချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒုတိယဗိုလ်မှူးကြီးလွင်ဦး ပြင်ဆင်အဆိုပြုချက် ၃ ချက် အတည်ဖြစ် ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာမျက်နှာ ၇ အမှတ်စဉ် ၂၈ အခန်း (၆) အပိုဒ် ၁၆ မှာ ဆန္ဒမဲပေးခွင့်ရှိသူတစ်ဦးသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ကြိမ်သာ ကိုယ်တိုင်ဆန္ဒမဲပေးခွင့်ရှိသည်လို့ ပြင်ဆင်လိုပါတယ်။ ပြင်ဆင်ရတဲ့အကြောင်းကတော့ ယခင်မူလ ပြဋ္ဌာန်းချက်မှာ တစ်ကြိမ်သာ ဆန္ဒမဲပေးခွင့်ရှိသည်လို့ ဖော်ပြထားသော်လည်း မဲရုံမှူးများမှ အဆင့် ဆင့်ကြီးကြပ်၍ ကျွန်တော်တို့ တိုက်ဆိုင်စစ်ဆေးပြီးမှသာ ကိုယ်တိုင်လာရောက်ပဲပေးရခြင်း ဖြစ်ပါ

တယ်။ ဒါကြောင့် တိတိကျကျဖြစ်စေရန်အတွက် ပြင်ဆင်အဆိုပြုရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၉ ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်မှ အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ စာမျက်နှာ ၇ အမှတ်စဉ် ၂၉ အပိုဒ် ၁၇ ကို ကျွန်မအနေနဲ့ ပြင်ဆင်ပါတယ်။ ဆန္ဒမဲပေးခွင့်ရှိသူ တစ်ဦးသည် မဲရုံမှူးထံမှသော်လည်းကောင်း၊ မဲရုံမှူးက တာဝန်လွှဲအပ်ထားသူထံမှသော်လည်းကောင်း၊ ဆန္ဒမဲလက်မှတ်ကိုရယူ၍ မဲရုံအတွင်းရှိ သက်မှတ်ထားသောနေရာတွင် လျှို့ဝှက်ဆန္ဒပြုပြီးနောက် မဲပုံးအတွင်းသို့ ထည့်ရမည်။ ယင်းတို့ဆန္ဒပြုစဉ် ဆန္ဒမဲလက်မှတ်တစုံတစ်ရာပျက်စီးသွားပါက ပယ်မဲမဖြစ်စေရေးအတွက် မဲရုံမှူး သို့မဟုတ် မဲရုံမှူးက တာဝန်လွှဲအပ်ထားသူထံမှ ဆန္ဒမဲလက်မှတ်သစ်ကို ထပ်မံတောင်းယူ၍ ဆန္ဒမဲပေးနိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။ ကျွန်မရဲ့ ပြင်ဆင်ချက်ကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန်အတွက် ဥက္ကဋ္ဌကြီးအား လေးစားစွာနဲ့ တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီကလည်း သဘောတူကြောင်း တင်ပြသွားပါတယ် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၈ အမှတ်စဉ် ၃၁ ဒေါက်တာနေလင်း အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှ ၈ အမှတ်စဉ် ၃၁ အပိုဒ် ၂၅ အပိုဒ်ခွဲ(ဇ)နဲ့ ပတ်သက်ပြီးတော့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် စပ်လျဉ်း၍

မည်သူမျှ အောက်ပါတို့ကို မကူးရဟု ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ ယခင်အဆိုပြုပြဋ္ဌာန်းချက်မှာ မည်သူမျှ အောက်ပါတစ်ခုခုကို မပြုရဟု ဖော်ပြထားတဲ့အတွက်ကြောင့် တစ်ခုထက်ပိုမိုပြီးတော့လည်း ရွေးကောက်ပွဲပျက်ပြားစေနိုင်ရန်အတွက် ဖော်ပြပါ(က) ကနေ (ဇ) အထိကို ပျက်ပြ ဆောင်ရွက်နိုင်တဲ့ အခြေအနေရှိတဲ့အတွက်ကြောင့် တင်ပြခြင်းဖြစ်ပါတယ်။ ထို့အတူ အပိုဒ် ၂၅ အပိုဒ်ခွဲ(ဇ)မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပျက်ပြားစေရန် မဲရုံအတွင်း၌ဖြစ်စေ၊ သတ်မှတ်ထားသည့် မဲရုံပရဝဏ်အတွင်း၌ဖြစ်စေဟု ပြင်ဆင်ခြင်း ဖြစ်ပါတယ်။ သတ်မှတ်ထားသည့်ဆိုသည့် စကားရပ်ကို ထပ်မံ ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ ဖြည့်စွက်ရတဲ့အကြောင်းအရင်းကတော့ ဥပဒေကြော တိကျခိုင်မာမှု ရှိစေရန်အတွက် ကိုက် ၅၀ အတွင်းလား၊ ကိုက် ၁၀၀ အတွင်းလားဆိုပြီးတော့ တိကျစွာ ဖော်ပြရန်လိုတဲ့ အတွက်ကြောင့် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ပြင်ဆင်ချက်အဆိုအား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာနေလင်း ပြင်ဆင်အဆိုပြုချက်အား ဥပဒေကြမ်းကော် သဘောထားပြောပါ။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ထပ်မံဖြည့်စွက်ချက်ကို သဘော တူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ဒေါက်တာနေလင်းရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန် ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါက်တာနေလင်းရဲ့ ပြင်ဆင်အဆိုပြုချက် အတ ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခုနက ဥပဒေရေးရာနှင့် တ်သက်ပြီးတော့ သံသယရှိတဲ့အတွက် အပို တစ်ပိုဒ်ချန်ခဲ့ပါတယ်။ စာမျက်နှာ ၅ အမှတ်စဉ် ၂၀ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်က ဥပဒေပါ အကြောင်းအရာနှင့် ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်းဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။ ခု တုန်းက ရှင်းလင်းတင်ပြတဲ့ကိစ္စဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီနှင့် ဒေါ်ခင်စန်းလှိုင်တို့ရဲ့ ပြင်ဆင် ချက်ကွဲပြားမှုကို ဖြေရှင်းနိုင်ဖို့အတွက် အခုလိုဖတ်ကြားရှင်းထားခြင်း ဖြစ်ပါတယ်။

**ဦးမြင့်နိုင်(အဖွဲ့ဝင်၊ ရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ မူလဥပဒေကြမ်းကော်မတီက အဆိုပြု ပြဋ္ဌာန်းထားတာကတော့ဖြစ်ရင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် အသက် ၁၈ နှစ်

ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူတိုင်းဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းကို မဲစာရင်းတွင်ထည့်သွင်းရမည် ဆိုပြီးတော့မူလအဆိုပြုပြဌာန်းထားပါတယ်။ နောက် ကျွန်တော်တို့ဥပဒေကြမ်းကော်မတီက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းကို စာရင်းတွင်ထည့်သွင်းရမည် ဆိုပြီးတော့ ရေးသားထားပါတယ်။ နောက် ဒေါ်ခင်စန်းလှိုင်က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့် နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းကို မဲစာရင်းတွင်ထည့်သွင်းရမည်ဆိုပြီးတော့ ကျွန်တော်တို့ဆွေးနွေးချက်အရ သိရှိရပါတယ်။ ကျွန်တော်တို့ ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်လို့ရှိရင် ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းအပိုင်းနှင့် ရွေးကောက်ပွဲကျင်းပတဲ့ အပိုင်းနှစ်ပိုင်းမှာ ကျွန်တော်တို့ အဓိကထားပြီးကျင့်သုံးပါတယ်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းအပိုင်းမှာတော့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပြင်ဆင်လိုက်တဲ့အတွက် အဲ့ဒီပြင်ဆင်ချက်အရ နိုင်ငံသားများသာလျှင် ပါတီတည်ထောင်ခွင့်ရပြီးတော့ ကျွန်တော်တို့ နိုင်ငံသားပြုခွင့်ရသူတွေက ပါတီအဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရှိပါတယ်။ ရွေးကောက်ပွဲဥပဒေမှာတော့ မဲပေးခြင်းနှင့်ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ ပုဒ်မခွဲ(က)ပါ ပြဌာန်းချက်အရဆိုရင် နိုင်ငံသားတွေလည်းမဲပေးလို့ရပါတယ်။ ဥပဒေကသတ်မှတ်တဲ့သူတွေလည်း မဲပေးလို့ရတယ်လို့ ပြဌာန်းထားပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ ပုဒ်မခွဲ(က)နှင့်အညီ ကျွန်တော်တို့ ပြဌာန်းထားတဲ့ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရွေးကောက်ဥပဒေများရဲ့ အခန်း(၄)မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဆိုပြီးတော့ ခေါင်းစီးတပ်ထားပါတယ်။ ပုဒ်မ ၆ မှာ အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသ မရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ (က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါပြဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူ ဆိုပြီးတော့ပြဌာန်းထားပါတယ်။

ဒီပြဋ္ဌာန်း ချက်ကိုတော့ ယနေ့ထက်တိုင် ပြင်ဆင်ချက်ဥပဒေ တစ်စုံတစ်ရာပြဋ္ဌာန်းခြင်းမရှိသေးပါဘူး။ ဒါ့ကြောင့် ဒါဟာတည်ဆဲဥပဒေပြဋ္ဌာန်းချက် ဖြစ်နေပါတယ်။ ဒါ့ကြောင့် တည်ဆဲဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အခုဆန္ဒခံယူပွဲမှာလည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတွေဟာ ဒီပုဒ်မ ၆ ပါပြဋ္ဌာန်းချက်နှင့်ညီညွတ်ရန် လိုအပ်တယ်လို့ သုံးသပ်ရရှိပါတယ်။ ဒါ့ကြောင့် ဒီပြဋ္ဌာန်းချက်အတိုင်းပဲ ရေးသားထား ဥပဒေမူကြမ်း ကော်မတီရဲ့မူလအဆိုပြုချက်အတိုင်းပဲ ဆက်လက်အတည်ပြုပေးသင့်ပါကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တော့ သိပ်ပြီးတော့မရှင်းပါဘူး။ ဒါ့ကြောင့်မို့လို့ ဒီဟာအတွက် ကျွန်တော်တို့ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရယ်၊ ဥပဒေကြမ်းကော်မတီရယ်၊ နောက် ရွေးကောက်ပွဲကော်မရှင်ရယ်၊ သက်ဆိုင်တဲ့အဆိုပြုထားတဲ့ပုဂ္ဂိုလ်ရယ် သီးခြားဆွေးနွေးညှိနှိုင်းဖို့အတွက် လွှတ်တော်အစည်းအဝေးကို မိနစ် ၂၀ ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၅၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅ အမှတ်စဉ် ၂၀။ ဒေါ်ခင်စန်းလှိုင် ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ စာမျက်နှာ ၅ အမှတ်စဉ် ၂၀ အခန်း(၅) အပိုဒ် ၁၁ ရဲ့ (က)ကို ကျွန်မအနေနဲ့ ပြင်ဆင်ပါတယ်။ ပြင်ဆင်ချက်ကတော့ ၁၁ (က) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပသည့်နေ့ရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများသည် ပြည်လုံးကျွတ်ဆန္ဒခံယူ

ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကို မဲစာရင်းတွင် ထည့်သွင်းရ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ကျွန်မရဲ့ပြင်ဆင်ချက်ကို ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အတွက် တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥပဒေပိုင်းဆိုင်ရာလေ့လာတွေ့ရှိ ချက်များအရ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ ပြင်ဆင်ချက်အား ဥပဒေကြမ်းကော်မတီက သဘော တူပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါ သလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဒေါ်ခင်စန်းလှိုင်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ အနည်းအကျဉ်းပြန်ရှင်းလင်းတင်ပြချင်ပါတယ်။ ဥပဒေကြ ကော်မတီက စာမျက်နှာ ၅ အမှတ်စဉ် ၂၀ မူလတုန်းကရေးသားဖော်ပြတဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် အသက် ၁၈ နှစ် ပြည့်ပြီးဖြစ်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့် ရသူနှင့် ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွ ဆန္ဒမဲပေးခွင့်ရှိသည်။ ယင်းဆန္ဒမဲပေးခွင့်ရှိသူတိုင်းကိုမဲစာရင်းတွင် ထည့်သွင်းရမည်ဆိုတာကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ဒီဟာကိုဥပဒေကြမ်းကော်မတီက တင်သွင်းတဲ့ဥပဒေကြမ်းဖြစ်တဲ့ အတွက် ဒါမှန်ကြောင်းဆိုတဲ့ဟာကို တင်ပြသွားတာဖြစ်ပါတယ်။ ဒေါ်ခင်စန်းလှိုင် တင်ပြတဲ့နေရာမှာ ယာယီ သက်သေခံလက်မှတ်မပါဘဲနဲ့ ကျန်တဲ့အပိုဒ်တွေပြည့်စုံအောင် ဖော်ပြထားပါတယ်။ ဒါကိုလည်း လွှတ်တော်က နားလည်နိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ဘာပဲ ဖြစ်ဖြစ် ကျွန်တော်တို့ ဒီနေ့ ဥပဒေများပြုတဲ့နေရာမှာ မူလဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ တွေကိုကျော်လွန်ပြီးတော့ ဆောင်ရွက်ခွင့်မရှိ၊ ကိစ္စဟာ ဆောင်ရွက်လို့မရပါဘူး။ ဒါကိုလည်း ကျွန်တော်တို့အားလုံး နားလည်ပြီးဖြစ်တဲ့အတွက် ပိုပြီးတော့ သေချာအောင် ထပ်မံ ကျွန်တော် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီက တင်သွင်း သော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့်

ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းကို လွှတ်တော်ကိုယ်စား လှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတ‌ ဒီလိုဆောင်ရွက်ရာမှာ လ‌ှ တ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်းတစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း) ကိုအတည်ပြုရေး ပြ လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းတစ်ရပ်လုံးကိုပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဥပဒေ ကြမ်းကော်မတီကတင်သွင်းသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြေ ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၃၄)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်း အဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]